# နှမ်ဂျူသိုင်း



အချစ်ဆုံးလဲ ဖြစ်ခဲ့ပူးပါတယ်

# အချစ်ဆုံးလဲ ဖြစ်ခဲ့ဖူးပါတယ်

## **အပိုင်း-၁**

မြို့တစ်မြို့ရှိ သူဌေးတစ်ဦးသည် တစ်နေ့သောအခါ သူ့အစေခံအား ခေါ်၍ စိန်တစ်လုံးကို ပေးပြီး ဤသို့စေခိုင်း၏ ။

" ဤစိန်ကို ဈေးသို့ယူသွား၍ ပိန်းဥရောင်းသူထံ သွားရောင်းချေ ၊ သူပေးလိုသောဈေးကို ငါသိချင်၏ ၊ သူကပေးဆိုသော အဖိုးထက် အနဲအကျဉ်း ပို၍ ရအောင် တောင်းကြည့်ပါ၊ ထို့နောက် ငါ့ထံ အမြန်ပြန်ခဲ့လော့....."

အစေခံသည် သူဌေးမိန့်ကြားသည့်အတိုင်း ပိန်းဥသည်ထံ သွား၍ ရောင်း၏ ။ ပိန်းဥသည်က စိန်ကို အတုလော အစစ်လောဟု မဝေခွဲနိုင်ဘဲ အသေအချာ ကြည့်ရာက " ဒီဟာအတွက် ပိန်းဥ ကိုးပိဿာပေးမည်" ဟု ဆိုလေ၏ ။ " နဲနဲပိုပေးပါလားဗျာ၊ ခွက်တစ်ဆယ်လောက် ဆိုရင်ကော " "အမလေး၊ ကိုးပိဿာဆိုတာတောင် လွန်လှဘီ ၊ ကျုပ်က တန်ဖိုးထက် ပိုပေးထားတာပါ" ဟု ပြောလိုက်လေ၏ ။ အစေခံက သူဌေးထံ ပြန်လာပြီး ပိန်းဥသည်၏ ဈေးကိုပြောသောအခါ သူဌေးက အားရပါးရ ရယ်၍ .......

" ကဲ... ကဲ... အထည်သည်ထံ သွားရောင်းကြည့်ပါအုံး" ဟု ခိုင်းပြမ်၏ ။

" ငွေကိုးရာပေးပါမယ်" ဟု အထည်သည်က ဈေးဖြတ်၏ ။ " နဲနဲပိုပေးပါလားဗျာ၊ မသကာ တစ်ထောင်လောက်အထိ" " ဟင့်အင်း... ဟင့်အင်း ၊ အခုကျုပ်ပေးတာ ပေါက်ဈေးအတိုင်း အမှန်ပဲ၊ ဒီထက် နဲနဲမှ ပိုအပေးနိုင်ပါဘူး"

အစေခံသည် သူဌေးထံ ပြန်လာ၍ ပြောရပြန်၏ ။ သူဌေးက ခပ်ပြုံးပြုံးဖြင့် ခေါင်းတစ် ဆက်ဆက်ညိမ့်ပြီးမှ...

" ကဲကွာ၊ ဒီတစ်ခါတော့ စိန်ကုန်သည်ထံ သွားပြပါတော့" ဟု စေလိုက်၏ ။

စိန်ကုန်သည်သည် စိန်ရတနာကို တချက်မျှသာ ကြည့်လိုက်ပြီး.... “
တစ်သောင်းပေးမယ်” ဟု ရဲဝံ့ပြက်သားစွာ ချက်ချင်းဈေးဆိုလိုက်လေ၏။

အထက်ပါပုံပြင်လေးကို ဆရာသုခရေးသော ရာမာခရစ်ရှာနာ၏ သုတ္တန်
ပုံပြင်များ စာအုပ် တွင် ဖတ်လိုက်ရ၏။

အဓိပ္ပါယ်မှာ တန်ဖိုးကို သိသူနှင့် မသိသူကို
ခွဲခြားနိုင်းယှဉ်ပြထားသည်ဟု သဘောပေါက် လိုက်သည်။

ဤစာအုပ်ကို ဖက်ရသည့် အချိန်တွင် ခရီးများစွာ လွန်ခဲ့ပြီ
ဖြစ်သောကြောင့် နောင်တ တရားမှအပ ဘာမှ မကျန်ခဲ့၊
ကျွန်တော့်ကိုကျွန်တော်လည်း ပိန်းဥသည်ဖြစ်နေသည်ကို ယူကျုံးမရစွာ
ရှာဖွေတွေ့ရှိလိုက်၏။

ထိုစဉ်က နောက်တစ်ခါ သရဖီနှင့် ပြန်လည်ဆုံတွေ့ရပါစေ......
ကျွန်တော်၏ အမှားများ အတွက်ကိုလည်း သရဖီအား တောင်းပန်ခွင့်ရပါစေ...၊
ပြီးတော့.... ကျွန်တော် ဖြတ်ထားခဲ့ဖူးသော တန်ဖိုးဟောင်းကိုလည်း တန်ဖိုးသစ်နှင့်
ပြုပြင် ဝယ်ယူ၍ ရနိုင်ပါစေဟု ဆုတောင်းခဲ့ဖူး ၏။

ယခုမူကား..................

***

# အပိုင်း-၂

ဆင်းရန့်ကြွယ်လည်း

လက်ဝယ်ဆုပ်လျက်

အိမ်မက်ထဲက စပါယ်ဖြူ။.........။

**(မင်းယုဝေ)**

***

အောင်စာရင်းတွင် ကျွန်တော့်အမည်ဘေး၌ ခရေပွင့်လေးတစ်ခု တွေ့လိုက်ရသည်။

အောက်ခြေမှတ်စုတွင် ခရေပွင့်လေး ပါရှိခြင်း၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုထား၏ ။

" မဟာသိပ္ပံတန်းသို့ တက်ရောက်ခွင့်ရှိသည်" ' မနုဿတ္တဘာဝေါ ဒုလ္လဘော= လူအဖြစ်သည် ရခဲ၏ ' ဟု ဖတ်ရဖူးသည် ။ လူဖြစ်ပြီးသော အခါတွင်လည်း ပညာသင်ကြားခွင့်ရရန် ခဲယဉ်းကြောင်းကို အ သုံး လုံး သင်တန်းများက သက်သေခံလျက် ရှိပါသည်။ ပညာသင်ကြားခွင့် ရပြန်ကလည်း အထက်တန်းပညာကို အရည်အချင်းမှီသူ များသာ သင်ကြားခွင့်ပြုမည်' ဟူသော ပညာရေးမူဝါဒအရ တက္ကသိုလ်ခေါ် အထက်တန်းပညာကို သင်ယူခွင့် ရသည့် နေရာသို့ ရောက်ရန် အတန်ငယ် ခဲယဉ်းလှပါသည်။

တက္ကသိုလ်ရောက်ပြီးတော့လည်း ဘွဲ့တစ်ခုကို ချောချောမွတ်မွတ် ရသွားနိုင်ဖို့ အရေးသည် တက္ကသိုလ် အရောက်ဖူးသူများ ပြောသကဲ့သို့ '

တက္ကသိုလ်ဆိုတာ ဆယ်တန်းလောက် အခက်ပါဘူးကွာ ၊ ဆယ်တန်း အောင်ပြီးတက္ကသိုလ်ရောက်ရင် ဆရာနဲ့ပိုင် အောင်တာပါဘဲ ၊ စားလိုက်အိပ်လိုက်ဂရိတ်ဖိုက်လို့တောင် ပြောကြသေး တာမို့လား’ ဆိုသလောက် မလွယ်ကူလှပါ ။

ထိုထက် ပိုခက်သည်မှာ ဘွဲ့ရကြောင်း အသိအမှတ်ပြုသည့် စာရွက်လေးတွင် အထက်တန်းပညာ၏ အထက်တန်းဆင့်ဖြစ်သော ‘ မဟာ’ တန်းများ တက်ရောက်ခွင့် ရှိသည်ဟူသော စာတမ်းလေးပါဖို့ပင်။

ပါဝင် ပါသော်လည်း တကယ်တန်း တက်ရောက်နိုင်ဖို့ကျတော့ အခြေအနေပေးဦးမှ....... အခါအခွင့် သင့် ဦးမှ။

ဤအချက်များကို ရှည်ရှည်ဝေးဝေး ရှင်းပြနေရခြင်းမှာ ကျွန်တော်မဟာသိပ္ပံ တက်ခွင့်ရသည့်အတွက် လွန်စွာ ဝမ်းသာရကြောင်း ထင်ရှားရန် သက်သက်မဲ့ လေရှည်နေခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်မဟာသိပ္ပံ တက်ခွင့်ရပါသည်။

ကျွန်တော် အကြီး အကျယ် ဝမ်းသာရ၏ ။

ကျွန်တော် ဝမ်းသာရသည့် ကိစ္စကို လူမြင်ကောင်း လူကြားကောင်းအောင် ဤမျှ ကြီးကျယ် ခမ်းနားစွာ ဖွင့်ဆိုပြီးလျှင် ကျွန်တော့ရင်ထဲတွင် ခိုးလိုးခုလုလေးနှင့် အပြောလျှင် မနေနိုင်ဖြစ်နေသော တိတ်တိတ်ပုန်း ခံစားမှု လေးကို ကျွန်တော် မပြော၍ မဖြစ်ပါ။

အကယ်၍ ကြားရသူများကသာ ....

“ အေးပါကွာ.... ပြောပါ ၊ အချင်းချင်းတွေပဲ ရှက်မနေပါနဲ့၊ ငါတို့ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး’”ဟုသာ တိုး တိုးလေး လာပြောကြည့်..... ရင်ထဲမှ နွေးထွေးထွေး ဝေဒနာလေး ပြေပျောက်သွားရန် ကျွန်တော်ဖွင့်ပြောလိုက်ပါ မည်။

“ ကျွန်တော် ဝမ်းသာတာက အမ်အက်စ်စီ တန်း တက်ခွင့်ရတာ ထက်

အမ်အက်စ်စီ တန်း တက်ခွင့်ရရင် သရဖီနဲ့ ပြန်တွေ့ရမှာ မို့လို့ဗျ” ဟု....။ အဘယ့်ကြောင့်ဆိုသော်...... သရဖီသည် အမ်အက်စ်စီတန်းကို သေချာ ပေါက်တက်ခွင့်ရနိုင်မည်ဖြစ်သော ‘သိပ္ပံ ပညာချွန်ဆု’ ရကျောင်းသူတစ်ဦး ဖြစ်နေသောကြောင့် ပင်တည်း။

***

“ ဟော့ကောင်.... ငတိုး သွားမယ်” သုံးထပ်သား နံရံကို ထု၍ အော်လိုက်သော သုခ၏ အသံကြောင့် ရှိရင်စွဲ လှုပ်ခါနေသော ကျွန်တော့ရင်သည် တဒိတ်ဒိတ် ခုန်လာသည်။

ခုန်လာသောရင်ကို သက်သာနိုင်သလောက် သက်သာသွားအောင်လည်း..... “ အေး .. ပါဟ၊ ပြီးပါပြီ၊ ဘယ်လိုဖြစ်လို့ ဒါလောက်လောနေရတာ လဲ” “ အမယ်.... ငပြူးကပဲ ပြဲရတယ်ရှိသေး၊ ဟော့ကောင် ငါ့မှာက ကျောင်းတက်ဖို့ သက်သက်ဘဲ ရည်ရွယ်ချက်ရှိတဲ့ကောင်ကွ၊ မင်းလို မဟုတ်ဘူး” ကျွန်တော့ရယ်သံကို သူကြား အောင် တမင်လုပ်၍ ရယ်လိုက်၏ ။

ဓာတ်သိဖြစ်နေသော သုခကတော့ ကျွန်တော့်အထာကို နှော... နေအောင် သိသူဖြစ်သည်။

ခုလည်း ကျောင်းကို ရောက်ပြီးကတည်းက ဖောင်ဖြည့်စရာဖြည့်၊ ငွေသွင်းစရာ သွင်း၊ လုပ်စရာ စုံနေအောင် လုပ်ပြီးသော်လည်း သရဖီကို အရိပ်အရောင်ပင် မမြင်ရသေး ။

ကျွန်တော်တို့သည် မန္တလေးတက္ကသိုလ်မှ ပြောင်းလာရသူများဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ်၏ အထာကို ကောင်းကောင်းမကျေ။ အသိအကျွမ်းကလည်း မရှိသဖြင့် သရဖီနှင့် ပတ်သက်ပြီး တွေ့နိုင်ရန် အခွင့်အလမ်းဟူ၍

သည်နေ့တစ်နေ့သာ ဖြစ်နေတော့သည်။

“ ဟား… ငါ့ကောင်က အပြတ်သနေတာကိုးကွ” သူခက ကျွန်တော့်အခန်းတွင်းသို့ ဝင်လာရင်း ကျွန်တော် ပုံပန်းကို ကြည့်၍ ဟားလိုက်သည်။ ကျွန်တော် ပြုံးလိုက်သည်။ ချက်ချင်းဆိုသလိုလည်း သူဝင်လာလိုက်မှ ပြောင်းသွားသော အပြောင်းအလဲလေးတစ်ခုကို သတိထားမိလိုက်သဖြင့် သူ့ကိုပြန်ရိုရန် ပြင်လိုက်၏။ သို့သော် သူက အရင်ဦးသွားပြီး…. “ လုပ်မနေနဲ့ကိုယ့်လူ… ဒါ ဖရက်ရှာဝဲလ်ကမ်းမဟုတ်ဘူး ၊ တစ်ပက်ရစ်တွေ အိုဗာဟွန်းတွေဘဲ ရှိမှာ” သူ့အဦးသည် ကျွန်တော့်အကွက်ထဲ ဝင်လာ့ပြီမို့ ……

“ နို့ …… မင်းကျတော့ ဘာဖြစ်လို့ ရေမွှေးတွေ ဆွတ်လာတာလဲ” သူ့မျက်နှာတွင် ရဲကနဲ ဖြစ်သွား၏ ။ ဤအချက်ကို ကျွန်တော် အမြဲသတိထားမိသည်။ ဘာကြောင့်မှန်းမသိ၊ ယောကျ်ားတော်တော်များများသည် ရေမွှေး ဆွတ်တက်ကြသော်လည်း ရေမွှေးဆွတ်လာသည်ကို ဖော်ပြလျှင် ရှက်တက်ကြ၏ ။ အခုလည်း သုခတော်တော် ရှက်သွားပြီး အရှက်ပြေလေသံလေးဖြင့်……

“ ဟဲ…. ဟဲ…. ဒါတော့ ငါက ဘရင်းနယူး၊ ပက်ကင်ပိတ် ၊ အသစ်ကျပ်ချွပ်ကိုကွ ၊ နဲနဲတော့ အရောင်တင် ပေးရမှာပေါ့” သူ့စကားက အစွန်းမလွတ် ။ “ အော်… ငါကတော့ မုဆိုးဖို ….. တစ်ခုလပ်ကြီး ဖြစ်နေလို့လား” “ သိပ်သေချာတာပေါ့ ငတိုးရ ၊ ကိုယ့်ကိုကိုယ်… အသိဆုံးဘဲဟာ၊ မင်းမှ မုဆိုးဖို တစ်ခုလပ်အစစ် ၊ အသဲတခြမ်းက မုဆိုးဖို၊ ကျန်တဲ့ တစ်ခြမ်းက တခုလပ်”

ကျွန်တော့် ရင်ထဲ အောင့်ခနဲဖြစ်သွား၏ ၊ နာလို့မဟုတ်၊ မှန်လို့ …..။

“ဟော့ကောင် ….. သိပ်ဖန်ခေါင်းကျယ်မနေနဲ့ … ဒီနေ့ကစပြီး ငါဒီဘွဲ့ကို စွန့်လွှတ်လို့ရပြီ ၊ ငါ့အသဲကိုငါ ဒီနေ့ကစပြီး ရီနေဆင့် လုပ်လိုက်ပြီ ၊ ပြန်လည်ဆန်းသစ်ခြင်းပေါ့” သုခက ရှူ့မဲ့၍ …….

“ မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး၊ ဝမ်းချုပ်တက်သလေး ၊

ဘာလေး လုပ်မနေနဲ့ ငတိုး ...... မင်းသရဖီ က ကျောင်းကော တက်မှ တက်ဖြစ်ရဲ့လားမသိဘူး ၊ အာဝါဝ ဝိဝါဝ တွေ ၊ ဘာတွေ ပြုပြီးမှဖြင့် ...” “ ထပ်သရီး ... ပါးစပ်ပုပ်ကြီးနဲ့ကွာ”

တဟားဟား ရယ်သံများ သူ့ဆီမှ ပေါ်ထွက်လာ၏ ။ သူပြောမှ သတိရသည် ၊ ကျွန်တော့်ဖက် ကျွန်တော် သိပ်သေချာပေါက်တွက်ပြီး မျှော်သာနေမိသည်။ သရဖီ ကျောင်းလာတက်မည် မတက်မည်ကို ကျွန်တော် သေချာပေါက်သိသည်မဟုတ် ။

ပြီးတော့.... သုခပြောသလို အိမ်ထောင်တွေ ဘာတွေ ကျနေမှဖြင့်..... ကျွန်တော့်ရင်ထဲပူလာ၏ ။

လေးနှစ်လုံးလုံး သတင်းစာထဲမှ မင်္ဂလာသတင်းမှန်သမျှကို မလွတ်တမ်း သတိထားကြည့်လာခဲ့ရာတွင် မတွေ့ရသည်နှင့် ကျွန်တော်စိတ်ချနေလို့ ရပ့်ါမလားဟု သံသယဝင်လာ၏ ။

လက်မထက်တောင်မှ ချစ်သူရှိနေသောအဖြစ် မဖြစ်ဟုမပြောနိုင် ။

ချစ်သူအဖြစ်ရောက်ရှိခြင်းဆိုသည်က မည်သူမျှသတင်းစာထဲတွင် ကြော်ငြာလေ့ ကြော်ငြာထ မရှိ။

တစ်ခါမှ မတွေးမိဖူးသော အတွေးလေးဝင်လာသဖြင့် ရင်ထဲတွင် ပူလောင်လာသည်။

မတက်နိုင်တော့...၊ ခုမှတော့ ဘာမှ မတက်နိုင်တော့ ...၊ မင်းသားနေရာက ကခဲ့ရတုံးက ကိုယ်မှခြေငြိမ် လက်ငြိမ်မနေခဲ့တာပဲလေ၊ ညကြေးနဲ့တယ်ဆိုပြီး ကိုယ့်သဘောနဲ့ကိုယ် ဇာတ်ခေါင်းခွဲခဲ့ပြီပဲ ....၊ တစင်မကောင်း တစင်ပြောင်းလို့ စင်ဟောင်း ပြန်လာတော့ ကိုယ့်နေရာမှာ တခြားလူ ဝင်နေပြီဆိုတော့လဲ..... ကံပေးသမျှပေ့ါ....။

နောက်ဆုံးရှိသမျှ အင်အားလေး အတင်းစု၍ မယုံသည်
ယုံသည်အပထား၊ အားကလေးရှိသွားအောင်.... ဆုတောင်းလိုက်မိ၏ ...။

"ဦးဖွ.... သုခပြောတာတွေ... လွဲပါစေ.... ဖယ်ပါစေ..."

***

" အဝင်" ဆိုသော အုတ်တိုင်တံခါးဝကို ကျော်လိုက်သည်နှင့်
ကြက်သီးမွေးညင်းများ ထသွားသည်၊

ရင်ထဲတွင် လှပ်ခနဲတုန်ခါသွား၏ ၊ တစ်နှစ်လျှင်သုံးရာသီဟူသော
မြန်မာပြည်ရာသီကို ဥတုနှင့် တွက်လျှင် ဆယ့်နှစ်ရာသီ လုံးလုံး
မျှော်လင့်တောင့်တခဲ့ရသောအဖြစ် ၊ ရင်ထဲမှ မြေပေါ်ယူဇနာရှစ်သောင်းလေးထောင်
မြေ အောက်ယူဇနာ ရှစ်သောင်းလေးထောင် အထုရှိနေသော
နောင်တမြင့်မိုရ်တောင်ကို ချေဖျက်စရာ တလမ်းတည်းရှိ သောအဖြစ်။

ယခုအခါ ထိုအဖြစ်များသည် ယခင်ကဲ့သို့ အိပ်မက်မဟုတ်ပါတကား၊
အတွေးမဟုတ်ပါတကားဟူသော အသိကလေးကို ခံစား၍ အားမရနိုင်ဖြစ်နေသည် ။

"ဂျဒ်ဆင်ဟောကြီးက မခန့်ဘူးလား ငတိုး"

ကတ္တရာလမ်းကွေ့ ကွေ့လေးပေါ်တွင် ရိပ်မိုးနေသော ရေတမာပင်
အုတ်တန်းကလေးကိုကြည့်၍ ကြည်နူး နေရာမှ သုခစကားကြောင့်
ကျွန်တော့်အကြည့်ကို လွှဲယူလိုက်၏ ။ ယုဒသန်ခန်းမဟု ထင်ရှားသော
ဂျဒ်ဆင်ခန်းမ နှင့် မျှော်စင်ကြီးကို လှမ်းကြည့်လိုက်သည်။

**"အင်းနို ၊ ဒိုမီနီ**

**၁၉၃၂"**

ခရစ်သက္ကရာဇ်ကို ဖော်ပြ၍ ကဗျည်းထိုးထားသော အင်္ဂလိပ်ဘာသာ စာတမ်းလေးကို အမှတ်ထင်ထင် ကြည့်လိုက်မိသည်။ ဤမျှော်စင်သက်တမ်း နှစ်ငါးဆယ် ပြည့်လုနီးပါးတွင် ကျွန်တော်ကဲ့သို့သော ပိန်းဥသည်မျိုး ဘယ်နှစ်ယောက်လောက် ရှိခဲ့ဖူးပါလိမ့် ဟူသော အတွေးသည် ရုတ်ချည်းပေါ်ပေါက်လာ၏ ။ ကျွန်တော်ကတော့ ကျွန်တော့်လောက် မိုက်မဲသောသူမျိုးသည် ဤတက္ကသိုလ်မည်သော မြင့်မြတ်သည့် နယ်မြေတွင် ယောင်၍ မျှ ပေါ် ခဲ့မည်မထင်။

"သီရိဆောင်တော့ နောက်များမှ လာဖြစ်အောင် လာရမယ်ကွ၊ ပန်းတွေနဲ့ဝေ ကြည့်ပြီးထဲက သီရိကို အာခဲထားတာ"

တမ်းတမ်းတတလေး ပြောလိုက်သော သုခစကားကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။ ဆင်ဝင်နဖူးစည်းပေါ် တွင် အစိမ်းရောင်အောက်ခံ၌ အဝါစာလုံးဖြင့် ရေးထားသော အဆောင်အမည်လေးကို ကျွန်တော် လှမ်းကြည့်လိုက် မိသည် ။

အမိတက္ကသိုလ်၏ အလှဆုံး ပန်းပွင့်လေးများကို ရင်ခွင်ထဲတွင် သိမ်း ဝှက်ထားလေ့ရှိသည့် ဤအဆောင် အဦသည် သုခတို့ ကဲ့သို့သော ငယ်ဖြူကျောင်းသားများ၏ ရင်ကို လှုပ်ခတ်စေနိုင်မည်ဖြစ်သော်လည်း ကျွန်တော့် ကိုမူ ကောင်းစွာ မစွဲဆောင်နိုင်တော့။

ကျွန်တော့်ရင်မှ တစ်ခုတည်းသော မျှော်လင့်ချက်သည်.....
"ဟော့ကောင်..... ဟိုမှာ ...."

သုခက လက်ကုတ်ပြလိုက်သဖြင့် ပြက်တောက်သွားသော အတွေးစကို ခဏထားခဲ့၍ သူ့မျက်ရိပ်ညွှန်ရာ သို့ လှမ်းကြည့်လိုက်သည်။

ဂျဒ်ဆင်ခန်းမ၏ အဝင်တံခါးဝ လှေခါးထစ်လေးများတွင် ကြည်နူးစရာ အပြုံးလေးများကို မိတ်ဆုံ စားသောက် နေကြသော အတွဲကလေးတွေ ...။

ကျွန်တော့်ရင်ထဲတွင် စကားလေးတစ်ခု ပဲ့တင်ရိုက်သွား၏ ။

"တက္ကသိုလ်ကျတော့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေနိုင်တာပဲတိုးရယ်...."

လက်ဝဲဘက်ရင်အုံ အနီးတွင် ကျင်ကနဲဖြစ်သွား၏ အမြင်သည် လျှပ်တပြက်မျှ ဝါးသွားသည်။

"ကင်တင်းမှာ တစ်ခုခု ဝင်စားရအောင်ကွာ"

သုခအသံက အရေးပေါ် ဝင်ကယ်လိုက်သဖြင့် အတော်ကြီး သက်သာသွားသည်။ လွင့်သွားသော စိတ် သည် လျင်မြန်သော အရှိန်ဖြင့် ကိုယ်ထဲသို့ ပြန်ရောက်လာ၏ ။"သွားလေ"

ခြေဦးကို စားသောက်ဆိုင်တန်းဖက်သို့ လှည့်လိုက်သော်လည်း စိတ်ဦးသည် ဤနေရာမှ ဝေးကွာသော အရပ်တစ် နေရာသို့ အလင်းထက် လျင်မြန်သောအလျင်ဖြင့် ကူးသွား၏ ။

လှုပ်ခါနေသော ရင်ထဲတွင် တစ်ခါက ဖက်ဖူးသော ဆရာ မင်းယုဝေ၏ ကဗျာလေးတစ်ပိုဒ်ကို အမှတ်ရလိုက် သည်။

**ဆင်းနဲ့ကြွယ်လည်း**

**လက်ဝယ်ဆုပ်လျက်**

**ကိုင်ဖို့ခက်သည်**

**အိမ်မက်ထဲက စပါယ်ဖြူ.....။**

***

“ဗေဒါရီဂူထဲကို အရင်ဝင်ရအောင်..... တိုး”

လူကြီးအုပ်စုကို ချန်ထားခဲ့၍ တောင်ပေါ်သို့ အပြေးတက်လာခဲ့သည်။

အပေါ်သို့ ရောက်ရောက်ချင်း သရဖီက လှမ်းပြောလိုက်၏။ ကျွန်တော်က အောက်ဖက်သို့ တချက် ငဲ့ကြည့် လိုက်ပြီး.....

“နေအုံး.... သရဖီ၊ လူကြီးတွေကို စောင့်လိုက်အုံး၊ တော်တော်ကြာ တောင်ပေါ်ရောက်ရောက်ချင်း ဒို့ကို မတွေ့လို့ စိတ်ပူနေလမ့်မယ်”

သရဖီသည် ကျွန်တော့်စကားကြောင့် မသိမသာ နှုတ်ခမ်းစူသွားပြီး အောက်ဖက်ကို ကဲကြည့်လိုက်သည်။ ပြီးတော့ မျက်နှာ ရှုံ့သွား၏။

“ကြာလိုက်တာ......”

ကျွန်တော်က ဘာမှထပ်မပြောတော့ဘဲ ရယ်နေလိုက်သည်။ လူထွေးကမူ သရဖီ မျက်နှာကြည့်၍ သနား သွားသလား မသိ၊ လှေကားစွန်းဖက်သို့ ရှေ့တိုးကာ အောက်ဖက်သို့ ငုံ့ကြည့်နေသည်။

အောက်ဖက်တွင် ကျန်နေခဲ့ကြသော လူကြီးအုပ်စုထဲတွင် သရဖီ အမေနှင့် အဖေ၊ ကျွန်တော့် အဖေနှင့် အမေ၊ လူထွေး၏ အဖေနှင့် အမေအပြင် အိုကြီး အိုမများဖြစ်သော ကျွန်တော့်အဖွားနှင့် လူထွေး၏ ကြီးဒေါ်တို့ ပါလာကြ၏။ လူကြီးများသာပါသောကြောင့် သိပ်မမြင့်သော်လည်း နဲနဲမတ်သည်ဟု ထင်ရသည့် အလောင်းတော် ကဿဖတောင်ကို ဖြေးဖြေးသာ တက်လာနေကြ၏။

လမ်းတွင်ပေါက်နေသည့် သစ်ပင်ဝါးပင်တို့ ဆေးဖက်ဝင်ပုံကို ပြောရင်း ဧရာဝတီမြစ်ရေကို ငေးရင်း၊ တဖက် ကမ်းမှ တောင်တန်းများနှင့် ပတ်သက်သည့် ဒဏ္ဍာရီများကို ပြောရင်းတက်လာနေကြသဖြင့် တော်တော်နှင့် တောင် ပေါ် ရောက်မလာမည်မှာ သေချာလှသည်။

ထို့ကြောင့် သရဖီနှင့် လူထွေးတို့ တမျှော်မျှော် လုပ်နေသည်ကို ကြည့်၍

ပြုံးရင်း ကျွန်တော့်အနီးရှိ အုတ်ခုံ တွင် ဝင်ထိုင်သည်။

ကြာတော့ သရဖီ သိပ်သည်းညည်းမခံနိုင်တော့ ။

"လူထွေး..... အောက်ကလူတွေ တက်လာတာ ခဏစောင့်ပြီး ပြောလိုက်ကွာ၊ ဒို့ အထဲ ဝင်ချင်လို့" သူပြောတော့ ဒို့သည် သူ့တစ်ယောက်ထဲအတွက် သုံးသော ဒို့ဖြစ်သည်ထင်၍ ကျွန်တော် လူထွေးကို ကြည့်ရင်း ထိုင်မြဲ ထိုင်နေလိုက်၏ ။

"တိုး........ လာလေ"

ဆောင့်ဆောင့် အောင့်အောင့် လှမ်းခေါ်သံကြားမှ သူ့ ဒို့တွင် ကျွန်တော်ပါ ပါမှန်းသိရသည်။ ကျွန်တော် ထလိုက်သွားသည်။

အထဲရောက်တော့ အချောက ကျကျနနထိုင်၍ ရှိခိုးနေတော့သည်။ သူမို့လို့ ရနိုင်သော ဘုရားရှိခိုးအရှည် ကြီးကို ပါးစပ်မှ အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ ရွတ်၍ ရှိခိုးနေသည်။

သည်တော့မှ လူထွေးကို အစောင့်ထားခဲ့ခြင်းအား သဘောပေါက်မိ၏ ။ သုံးယောက်စလုံးသာဝင်၍ သူ့ဝတ် ပြုအဆုံးကို စောင့်ရလျှင် သေချာပေါက် လူကြီးတွေ စိတ်ပူနိုင်သည်။

ကျွန်တော်နားထဲသို့ အပြင်ဘက်မှ အသံသဲ့သဲ့ ဝင်ရောက်လာသည်။

"ဟဲ့.... တစ်ယောက်ထဲလား၊ ဟိုနှစ်ယောက်ကော......."

လူထွေးအသံ အကြားရသဖြင့် လက်ဖြင့် ညွှန်ပြလိုက်မည်ဟု တွေးထင်ရသည်။

"အေးအေး.... ဒါဖြင့် သားပါလိုက်သွားလေ...... ဒို့... ကဿဖဂူထဲသွားနှင့်မယ်...."

ခဏနေတော့ ကျွန်တော်ရှိသော ဗေဒါရီဂူထဲသို့ လူထွေးဝင်လာသည်။

ဖြန့်ခင်းထားသော လက်ကိုင်ပုဝါ လေးပေါ် ဦးချလိုက်ပြီး သရဖီက လှည့်၍ ......

"ရောက်ပလား...."

လူထွေး ခေါင်းညိတ်ပြသည်။ ကျွန်တော်တို့ သုံးယောက် အပြင်ရောက်သည့်အခါ အပြင်တွင် လူကြီးများ တစ်ယောက်မှ မရှိတော့၊ ကျွန်တော်တို့သည် အလောင်းတော်ကဿပထဲသို့ လိုက်သွားကြ၏။

ညာဖက်ခြမ်းမှ လှိုဏ်နံရံအုတ်တံတိုင်းသည် အပြင်မှ မြေပြိုဖိအားကြောင့် ထင်သည်၊ အတွင်းသို့ ယိုင်ဝင် နေ၏။ ထို့ကြောင့် ဘယ်ဘက်အခြမ်းမှ ကပ်၍ ဝင်လာရသည်။ အလယ်မှ နှစ်ပေ တစ်ပေနီးပါး အုတ်တိုင်ကြီးများ သာ ခံမထားလျှင် ဝင်ရဲစရာပင် အကြောင်းမရှိ။ သရဖီက ပုခုံးတွန့်၍ ......

"ဝင်နေတုန်းများ ပြိုကျပြီး ပိတ်သွားရင် မလွယ်ဘူး"

သရဖီ စကားအဆုံး လူထွေးက သဘောတူဟန် ခေါင်းညိတ်ပြလိုက်၏။ ကျွန်တော်ကသာ.....

"ဟာ... ပိတ်သွားနိုင်မှဖြင့် ဒီက ဘုရားလူကြီးတွေက ပေးဝင်ပ့ါမလားဟ... ပေါက်ပေါက်ရှာရှာ.... နင်ပေါက်ကရလျှောက်ပြောမှ ပိတ်မှာ"

သရဖီက ကျွန်တော့် ချောက်လုံးကို လန့်သွားသလားမသိ မျက်လုံးလေး ဝိုင်း၍ .......

"ဖွ... အပြောကောင်း .... အပြောကောင်း"

အပြောကောင်း ပြောကောင်းကို အပြောကောင်း အပြောကောင်းဖြစ်အောင် ပြောလိုက်သော်လည်း ကျွန် တော် ထပ်အရှည်တော့။

အထဲတွင် ဝတ်ပြုနေသော လူကြီးများ အနှောက်အယှက်ဖြစ်မည် စိုးသဖြင့် ကျွန်တော် တိတ်နေသည်။

ကျွန်တော်ကတော့ ကျွန်တော့်ထုံးစံအတိုင်း ဦးသုံးကြိမ် ချပြီးသည်နှင့် ကျွန်တော်သိလိုသော ကိစ္စသိနိုင်ရန် သံတံခါးကြားမှ အလောင်းတော်ကဿဖ ရုပ်ပွားတော်၏ ခြေဖဝါးကို လှမ်းကြည့်နေမိသည်။

“ဘာလဲကွ… ခြေဖဝါးက ချွေး စမ်းချင်ပြန်ပီလား “

သရဖို့ ဖခင် ဦးအောင်ခိုင်၏ အမေးကြောင့် ကျွန်တော်ပြုံးတုံးတုံး လုပ်ရင်း ခေါင်းညိတ်ပြလိုက်၏။ ကျွန်တော်တို့ ခပ်ငယ်ငယ် ပြည်သို့ ပြောင်းလာခါစက သည်ဂူသို့ လာလျှင် ရုပ်ပွားတော်အနီးအထိ ဝင်၍ ရသည်။ ရုပ်ပွားတော်၏ ခြေဖဝါးတော်ကို စမ်း၍ ရသည်။ ခြေဖဝါးတော်မှ ထွက်နေသည့် ချွေးစို့စို့ကို လက်ဖြင့် သုတ် ယူနိုင်သည်။ ပြီးတော့ ခေါင်းပွတ် နှုတ်ခမ်းတို့ မျက်နှာသစ်လုပ်နိုင်သည်။

ကံဆိုးရှာသော သရဖီတို့ ပြည်ကိုပြောင်းလာတော့ သံတံခါးဖြင့် ပိတ်ထားပြီး ဘယ်အချိန်မှ ဖွင့်သည်တော့ ကျွန်တော်မသိ၊ နောက်ပိုင်း ကျွန်တော်တို့ သုံးမိသားစု တောင်ပေါ်လာတိုင်း ဝင်ခွင့်မရတော့။

ဝင်ခွင့်မရသည့် အခါတိုင်းလည်း ဟိုတုန်းက ချွေးစမ်း၍ ရကြောင်း၊ မည်ကဲ့သို့ ပြုလုပ်ကြကြောင်း အားရပါးရ သရဖီကို ကြွားပြလေ့ရှိ၏။

ကျွန်တော့်စကားကို သက်သေထူနိုင်ရေးအတွက် ခြေဖဝါးတော်ဘက်ကို ကဲကဲကြည့်ရသည်မှာ အမော။

“ကဲ….. အပြင်သွားစို့ဟေ့….. ခဏနားပြီး စားကြသောက်ကြတာပေါ့ “

ကျွန်တော်တို့ သုံးယောက်သား အလျင် ဦးအောင် အပြင်ထွက်၍ ဂူဘေးမှ လှေကားလေးအတိုင်း ဘုရား လေးပေါ်တက်သွား၏။ ဘုရားလေးပေါ်ရောက်လျှင် ကျွန်တော်တို့ ဦး၍ ထိုင်နေကျဖြစ်သော တရုတ်စကားပင်ကိုင်း ကြီးဆီသို့ ပြေးသွားကြသည်။

ဘယ်ရမလဲလေ၊ ထုံးစံအတိုင်း သည်နေရာကို ကျွန်တော်ပင်ဦးသွားသည်။

ထို့ကြောင့် ကျွန်တော့်ဘေးမှ နေရာလွတ်သည် သရဖီအတွက် ဖြစ်သွား၏ ။ လူထွေးကတော့ ပြုံးကြည့်နေ ပြီး စေတီအောက်ခံ အုတ်ခုံပေါ်တွင် ထိုင်နေလိုက်သည်။ စကားပင်ပေါ်မှ ကြည့်လျှင် ဧရာဝတီမြစ်ရေပြင်ကို အပေါ် စီးမှ မြင်နေရ၏ ။ ကျွန်တော်ဘက်က ကြည့်လျှင် ပိုမြင်ရသည်။ အုတ်ခုံပေါ်မှ လူထွေးကတော့ ကျွန်တော်တို့ကိုသာ မြင်နေနိုင်၏ ။

***

'ကျွန်တော် ကြားဖူးသလို... ပြောဆိုပါမည်...၊ ကျောင်းသားအရွယ် ငယ်သူငယ်ချင်း သုံးယောက်ရှိပါသည်'။

အဖေ ခဏခဏ ဆိုဆိုနေတက်သဖြင့် ဘိုးဘိုးအောင် သီချင်းစာသားထဲမှ အထက်ပါ အပိုဒ်ကလေးကို ကျွန်တော် ကြီးသည်အထိ အမှတ်ရနေပါသည်။

ကျွန်တော် ကြုံခဲ့ဖူးသလို ပြောရလျှင်ဘည်း ကျောင်းသား ငယ်ငယ် အရွယ်ကတည်းက ကျွန်တော်တို့ ငယ် သူငယ်ချင်းသုံးယောက်ရှိပါသည်။ ကျွန်တော် ၊ လူထွေး၊ သရဖီတို့ပင် ။ ထိုစာရင်းမှ ကျွန်တော်ဆိုသူသည် ကျွန်တော် ကိုယ်တိုင် ဖြစ်နေသဖြင့် ပထမလူနေရာ၌ ယူပါသည်။ သရဖီမှာ မိန်းကလေးဖြစ်၍ နောက်ဆုံးနေရာယူ ပါသည်။

ထို့ကြောင့် ဘိုးဘိုးအောင်သီချင်းအမှတ်ရတိုင်း 'အလယ်လူ ထင်လင်းစွာ မင်းဖြစ်တော့သည်' ဆိုသော အပိုဒ်မှာ ကျွန်တော့အတွက် ရယ်စရာဖြစ်ဖြစ်နေတက်၏ ။ ကျွန်တော်တို့ အထဲမှာ လူထွေးအညံ့ဆုံးဖြစ်သည်။ ကျွန်တော်နှင့် သရဖီတို့မှာ ကျောင်းစာတွင်လည်း ရှေ့ဆုံးသုံးနေရာကို လုနေရသူများ ဖြစ်သလို ပီတအားကစား ဘာညာနှင့် ပတ်သက်၍ လည်း သူ့နေရာနှင့်သူ စွံနေတက်ရာ ကျောင်း၏ ထင်ရှားသော စာရင်းဝင်များ ဖြစ်နေကြ သည်။

သည်စာရင်းမှာ ကျွံထွက်နေသူက လူထွေး။ ကျောင်းစာဆိုလျှင်လည်း နောင်ဆုံး ဆယ်နေရာထက်မပို၊ ကျန်သည့် ကိစ္စများမှာလည်း သိပ်မဖြစ်မြောက် ။

အဆိုးဆုံးက ရိုးလွန်းခြင်းပင် ၊ ရိုးလွန်းသော စာရင်းကြောင့်ပင် 'အ' သော 'န' သော ဂုဏ်ပုဒ်သာ ထွက်လာ ၏ ။ အမှန်အတိုင်း ပြောရလျှင် လူထွေးမှာလည်း ကျွန်တော်တို့က လွဲ၍ အပေါင်းအသင်းမရှိ ၊ သူ့တူပုံ အပုံကြောင့် ကျန်သော ကျောင်းသား ကျောင်းသူ အုပ်စုများတွင် ရယ်စရာ သတ္တဝါထက်ပို၍ သူငယ်ချင်းတစ်ယောက်သဖွယ် ရင်းရင်းနှီးနှီး ဘယ်သူမှ မမြင် ။ အထူးသဖြင့်

ကျွန်တော်နှင့် ဘာမှမဆိုင် ။ ကျွန်တော့်မှာက အပေါင်းအသင်းစုံသည်၊ ထို့ကြောင့်လည်း အတက်ပေါင်းမြောက်များစွာ တက်ရန် အခွင့်သာသည်။

သူနှင့် ကျွန်တော် တွဲဖြစ်ခြင်းကို အများက အံ့သြကြ၏ ။ အမှန်တော့ အံ့သြစရာ သိပ်မရှိပါ ။

ကျွန်တော် လူထွေးကို ခင်ရခြင်းမှာ လူထွေး ၏ အားနည်းချက်ကြောင့်ပင် ဖြစ်၏ ။ အ,ခြင်း ၊ ထူ,ခြင်းသည် ခင်မင်မှုကိုဘာမျှအနှောက်အယှက်မဖြစ်ရုံမက စိတ်ချ ယုံကြည်ရခြင်းနှင့် ကိုယ့်အပေါ် အနွံအတာ ခံခြင်းအမှတ်၌ အခြားသူငယ်ချင်းများထက် ပိုနေသည်။

ထို့အပြင် ကျွန်တော်တို့၏ သုံးမိဘများကလည်း လူလတ်သာသာ အတန်းစား အစိုးရ အရာရှိများ ဖြစ်၍ အိမ်ချင်းနီးနီးနားနား ရှိနေကြခြင်းကလည်း ဖြည့်ထားပြီး ခင်မင်နေကြခြင်းးပင်။

ကျွန်တော်တို့ နေကြသော 'ဆွေးနွေးဘုရားလမ်း' အိမ်များမှ ကျောင်းသို့ သွားရသော ခရီးကလည်း အတော်လှမ်းသည်။ ဆွေးနွေးဘုရားလမ်းအတိုင်း စစ်ကဲလမ်းအထိ လျှောက် ၊ စစ်ကဲလမ်းမှ အရှေ့ဖက် လမ်းရှည်

ပန်းပဲတမ်းလမ်းတို့ကို ကျော်ပြီး အထက်(၁)သို့ ရောက်ရာ ကျောင်းသွားကျောင်းပြန် အဖော်များလည်း ဖြစ်နေကြ သည်။

'အလယ်လူ ထင်းလင်းစွာ မင်းဖြစ်တော့သည် ' ဆိုသော အပိုဒ်ကို ကြားတိုင်း ရွှေဆံတော် ဘုရားပေါ်မှ အဖြစ်ကလေးတစ်ခုသည်လည်း စိတ်ထဲ ဖြတ်ကနဲ ဝင်ရောက်လာတက်၏ ။

ကျွန်တော်တို့ သုံးမိသားစုသည် တနင်္ဂနွေလို ရက်အားမျိုးတွင် အလောင်းတော်ကဿဖတောင်သို့ တက်တက်ကြသလို တစ်ခါတစ်ရံတွင် ဘုရားပေါ် တစ်နေ့လုံး သွားသွားနေတက်သည်။

ရန်ကုန်ဘုရားပေါ်ဟု သုံးလိုက်လျှင် ရွှေတိဂုံဟု အလိုလိုသိပြီးသား ဖြစ်သကဲ့သို့ မန္တလေးတွင် ဘုရားကြီးဟု ဆိုလျှင် အဟာမြတ်မုနိဟု မပြောဘဲ သိသည်။ ကျွန်တော်တို့ ပြည်တွင်လည်း ဘုရားဟု ပြောလိုက်လျှင် ဘွဲ့တော် ထည့်အပြောသော်လည်း ရွှေဆံတော်ဟု သိကြသည်။

လူကြီးများကတော့ ထုံးစံအတိုင်း စွယ်တော်တိုက်ဖက် တန်ဆောင်းတွင် နားနေပြီး စားသောက် စကားပြော နေကြသည်။ ကျွန်တော်တို့ သုံးယောက်ကတော့ ယင်ပြင်ပေါ် ပြေးလိုက်၊ ပထမံ ဘိုးဘိုးအောင်လက် ဆင်းလိုက်၊ ပြန်တက်ပြီး ဆယ်ထပ်ကြီးဖက် ဆင်းလိုက်နှင့် ဟိုသွား ဒီသွား နေရမှ ပျော်သည်။

စကားများ၍ အမေးအမြန်း ထူလှသော သရဖီနှင့်လည်း တစ်ပြဿနာ။

"ဘိုးဘိုးအောင်က သိပ် တန်ခိုးကြီးတာပဲဆို ဟိုး....."

" ဟ.... ကြီးတာပေ့ါဟ..... ပထမံ ဘိုးဘိုးအောင်ပါဆိုမှ ....."

" ဘာလဲ.... ပထမံဆိုတာ.... လူထွေးသိလား "

သရဖီ အတော်လည်သည်။ သိမည်ထင်သော ကျွန်တော့်ကိုအရင်မမေး ၊ အဖြေနိုင်မှန်းသိလျက်နှင့် လူထွေးဖက် မျှားဦးအရင် လှည့်ပေး ၏ ။ ထုံးစံအတိုင်း လူထွေးက အီး ... အဲ လုပ်၍ ......

" ဟော့အေး...... ငါလဲမသိဘူး"

" သူများတော့ မေးတယ်... နင်ကော သိလို့လား သရဖီ"

ကျွန်တော်က သူ့မျှား သူ့ဘက် ပြန်လှည့်ပေးလိုက်၏ ။ သရဖီက အတည်ပေါက်နှင့်.......

" သိတာပေ့ါဟ..... ပထမံ ဆိုတာ ထွက်ရပ်ပေါက်တာ ပြောတာတဲ့"

" ဘာလဲ ထွက်ရပ်ပေါက်"

လူထွေး တကယ် နားမလည်သဖြင့် ဝင်မေးလိုက်သည်။

“ ဟာ… နင်ကလဲ အလိုက်တာ….. ထွက်ရပ်ပေါက်ဆိုတာ …. ထွက်ရပ်ပေါက်တာကို ပြောတာပေါ့ဟ…..”

သူပြောမှ ရှင်းသွားတော့သည်။ သည်တော့ ပညာရှိ ကျွန်တော်က ကြည့်မနေနိုင်တော့ ။

“ သွားစမ်းပါ သရဖီရာ နားမလည်ပဲနဲ့ ၊ ထွက်ရပ်ပေါက်တယ်ဆိုတာ မြေရှိုး မိုးပျံတဲ့ ဓာတ်လုံးကြီး ရသွားတာ ကို ခေါ်တာဟဲ့ သိလား၊ နောက်ပြီး ထွက်ရပ်ပေါက်တယ်ဆိုတာနဲ့ ပထမံနဲ့ ဘာမှ မပက်သက်ပါဘူး”

အမှန်ပြောရလျှင် ကျွန်တော်တို့ အရွယ်သည် ဤစကားလုံးများ၏ အနက် အဓိပ္ပါယ် အမှန်ကို အသိနိုင်ပြါ။ သို့သော် ကျွန်တော်က နားမလည်ဖူး မသိဖူးဆိုသည့် အပြောမခံချင်သည်နှင့် လူတက်ကြီး လုပ်လိုက်ခြင်းးင် ။

“ အံမယ် ဘာလို့ မပတ်သက်ရမှာလဲ၊ သိပ် ပတ်သက်တာပေါ့” “ ရော်….. မပတ်သက်ပါဘူးဆိုမှဟာ”

“ ပတ်သက်တယ်ဟ”

သရဖီကလည်း ကျွန်တော်နှင့် သိပ်မတိမ်းမယိမ်းပင်၊ သူကလည်း သူ့ကြားဖူးနားဝနှင့် ဇွတ် တွယ်ငြင်း သည်။

“ ကဲ….. ဒါဖြင့် ပတ်သက်ရင် ဘယ်လိုပတ်သက်လဲ ပြော”

ကျွန်တော့်အမေးကြောင့် သရဖီ မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ် ဖြစ်သွားသည်။

“ ဟို… ထွက်ရပ်ပေါက်လို့ ပထမံ ခေါ်တာပေါ့”

သရဖီမ ရှုပ်လေပြီ။

“ အေးလေ….. ဘာဖြစ်လို့ ခေါ်ရ တာလဲ”

ကျွန်တော်လဲ နိုင်ပေါက်အသေကိုင်ရသည်။ သရဖီ မျက်နှာ မှောင်ကျုံ့သွားပြီး….

“ ဒါ နင် သက်သက် ညစ်တာ”

လူထွေးက ကျွန်တော်တို့ကိုကြည့်၍ အားရပါးရ ရယ်သည်။

“ ဒါ ညစ်တာ မဟုတ်ဘူးဟ…. နင် နားမလည်လို့”

“ ကဲ ဒါဖြင့် နင်သိရင် ပြောပါအုံး ….”

နောက်ဆုံးတော့ ကျွန်တော်လိုချင်သော ဌာနသို့ပင် ရောက်လာခဲ့သည်။ သည်အခွင့်အရေးကို ကျွန်တော် ကလည်း လက်လွတ်မခံနိုင်ပါ။

“ နင် ကျောင်းမှာ အတော်ဖြစ်ရင် ဘာရလဲ "

“ ဆုရတာ ပေါ့ဟ”

“ ထက်”

သရဖီ အဖြေကြောင့် ကျွန်တော်ရှုံ့သွား ၏ ။ ကျွန်တော်လိုချင်သော အံဝင်မလာ၊ ထို့ကြောင့် ……

“ မဟုတ်ပါဘူး…… အဆင့် ဘယ်လောက်ရလဲ မေးတာ “

“ ပထမပေ့ါဟ”

ကျွန်တော်က အောင်နိုင်သူသဖွယ် ပြုံးလိုက်ပြီး …….

“ အေး မှတ်ထား၊ ထွက်ရပ်ပေါက်ပြီး ဓာတ်လုံး ရတဲ့အထဲမှာ ဘိုးဘိုးအောင်က အတော်ဆုံးမို့လို့ ပထမံ ဘိုးဘိုးအောင်လို့ခေါ်တာ ၊ နောက်မှ ကာလ ရွေ့လျောလို့ ပထမံ ဘိုးဘိုးအောင်လို့ ပြောင်းသွားတာ… မှတ်ထား”

မှတ်ပလား သရဖီ၊ ကျွန်တော့်စကားအဆုံး သူတို့ည်း ဘာကိုငြင်းရမှန်း မသိသဖြင့် တိတ်သွားကြ၏။ လူထွေးက ခေါင်းတညိတ်ညိတ်နှင့်.....

သို့သော် သရဖီက သိပ်ကျေနပ်ပုံမပေါ်။

“ အေး.... ငါ ဖေဖေ့ကို ပြန်မေးကြည့်မယ်၊ မဟုတ်ရင် နင်အသေဘဲ”

နောက်မှာရောက်ရား၊ ကျွန်တော်လဲ တပြားမှ မလျှော့ .....

“ ပြန်မေးကြည့်၊ ငါက ဘိုးဘိုးအောင်အကြောင်း အကုန်သိတယ်၊ သီချင်းလဲ ရတယ်၊ ငါ ဘယ်တော့မှ မမှားဘူး”

သည်တွင် ခေါင်းတညိတ်ညိတ်၊ မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်၍ ဇီးပြားစားနေသော လူထွေးကဝင်၍ .

“ ပြောကွာ .... တိုးမြင့်နိုင်၊ ငါ ဘိုးဘိုးအောင် အကြောင်း သိချင်တယ်”

သည်မျှနှင့် ကျွန်တော် သိပ်ပပြောနိုင်သေး၊ ဈေး နဲနဲပိုရရန် သရဖီကို လှမ်း၍ .......

“ နင်ကော သိလား သရဖီ”

သရဖီက ခေါင်းခါလိုက်သည်။

“ ဒါဖြင့် နားထောင်မလား”

“ အင်း”

ဒီတစ်ခါတော့ သရဖီ ကလန်ကဆန် မလုပ်တော့ ၊ ကျွန်တော်ကလည်း ဈေးကောင်းရပြီမို့......

“ ငါပြောပြမယ် သေသေချာချာ နားထောင်၊ ဟိုးရှေးရှေးတုန်းက......”

“ ဟာ... နင့်ဟာက ပုံပြင်ကြီးပဲ ...တိုး”

“ ထက်သရီး….. ဘယ်ကပုံပြင်ရမှာလဲဟ…”

“ နို့ ဟိုးရှေးရှေးတုန်းကဆို….”

ကျွန်တော် ဒေါကန်သွား၏ အမှန်တော့ ကျွန်တော် ဘယ်ကစပြောရမှန်း မသိသဖြင့် ရှေးရှေးတုံးက လိုက် ခြင်းဖြစ်သည်။

“ ဒို့အမွေးခင်က …”

“ ဒါတော့ သိတာပေ့ါဟ၊ နင်ပြောမှာလား၊ ဒို့မမွေးခင် ဘယ်တုံးကလဲ “

မိသရဖီကတော့ ထော်လော်ကန့်လန့်လုပ်ချေပြီ ။ ကျွန်တော်ကလည်း ရုတ်ချည်းပေါ်လာသော ဘိုးဘိုး အောင် သီချင်းထဲမှ တပိုဒ်ကို သတိရလိုက်သဖြင့်…..

“ ဘိုးတော်ဦး ဝိုင်း လက်ထက်က”

သည်တော့မှ သရဖီက နဲနဲဘဝင်ကျသွားဟန်ဖြင့်….

“ အင်း…. ပြောပါအုံး” ကျွန်တော်ကလဲ သီချင်းအားကိုးဖြင့် ဆက်ပြောသည်။

“ အေး… အဲဒီ တုံးက ငယ်သူငယ်ချင်း သုံးယောက်ရှိတယ်တဲ့ ၊ တစ်ယောက်နဲ့ တစ်ယောက် ကြီးလာလို့ ကောင်းစားရင် တစ်ယောက်ကို တစ်ယောက် မစတမ်းဆိုပြီး သစ္စာ ပြုကြသတဲ့”

“ ဘာလုပ်ဖို့ တစ်ယောက်ကို တစ်ယောက် မရမှာလဲကွ လေးကဘေးနဲ့ ဥစ္စာ”

“ အား”

ကျွန်တော်ခါသွား၏ ။ လူထွေး အတော်ထူသောကောင်ဖြစ်သည်။

“ ဟ …… တစ်ယောက်ကိုတစ်ယောက်မတယ်ဆိုတာ လူတကိုယ်လုံးချီပြီး မတာ မဟုတ်ဘူးဟ ၊ မစရမှာ ကူညီရမှာ ပြောတာ”

သည်တော့မှ လူထွေးက မျက်ခုံးလေးပင့်၍ ခေါင်းတညိတ်ညိတ်လုပ်ပြန်သည် ။

“ ကဲပါ ဆက်ပြောပါအုံး”

သရဖီက ဝင်လာသည်။

“ အေး… အဲဒီ လို သစ္စာပြုထားကြပြီး နောက်ကြီးလာ ကြတာပေါ့ကွာ၊ အဲဒီ တော့ တစ်ယောက်က ရဟန်းဖြစ်သွားတယ်”

“ ဘယ်သူကလဲ”

“ အဲဒီ သုံးယောက်ထဲက တစ်ယောက်ပေါ့ဟ ၊ နင်ကလဲ အမေးအမြန်းထူလိုက်တာ ငါပြောရမှာတွေတောင် မေ့ကုန်တော့မယ်”

သည်တစ်ခါတော့ ကျွန်တော်လူလည်ကျလိုက်ခြင်းဖြစ်သည်။ သိပ်မေးလွန်းလာလျှင် ကျွန်တော်မသိသည် များ ပါလာတော့မည်မှာ သေချာသည် ။ ယခုပင် ရဟန်းဖြစ်သွားသည် ဆိုသူမှာ ဘယ်သူမှန်း ကျွန်တော်မသိ။

“ နောက်တစ်ယောက်က ဘုရင်ဖြစ်သွားတယ်၊ ဘိုးတော် ဦးဝိုင်းပေါ့၊ ကျန်တဲ့တစ်ယောက်က ထွက်ရပ် ပေါက်ပြီး ဘိုးဘိုးအောင် ဖြစ်လာတယ် ၊ ဘိုးဘိုးအောင်က သိပ်တန်ခိုး ကြီးတာ”

နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားလေးတွေနှင့် နားထောင်နေကြပြီ။ အတော်ဟုတ်လာသဖြင့် ကျွန်တော်လည်း အားရှိသွားပြီး ဆက်၍ …..

“ အဲဒီ မှာ ငယ်ငယ်တုံးက ပြုခဲ့တဲ့ သစ္စာကို မေ့ပြီး ဘိုးတော်ဘုရားက တန်ခိုးကြီးတဲ့ ဘိုးဘိုးအောင်တော့ သူ့ထီးနန်းလုမှာဘဲ ဆိုပြီး စစ်သားတွေကို ဖမ်းခိုင်းတယ်တဲ့”

“ မိသွားလား”

နဲနဲလေးမှ မစောင့်နိုင်သော သရဖီက ဝင်မေးဖြစ်အောင် မေးလိုက်သေးသည်။ သည်အမေးတော့ ကျွန်တော် စပျော့မို့ အတားတော့ဘဲ........

“ ဘယ်မိမလဲ.... ဗိုလ်မှူးတွေက ဘယ်လိုမှ ဖမ်းလို့မရဘူး၊ နောက်ဆုံး ဘိုးဘိုးအောင်က သစ္စာမရှိတဲ့ မင်းတို့ဘုရင်ကို ငါ့အကြောင်း ပြရသေးတာပေါ့ဆိုပြီး လိုက်သွားသတဲ့”

“ ထွက်အပြေးဘူးလား”

“ ဘယ်ထွက်ပြေးမလဲဟ.....၊ ဟိုဘုရင်ဆိုတဲ့လူက ဘာစွမ်းတာ မှတ်လို့၊ မိဖုရားတွေနဲ့ နေဖို့လောက်တာ၊ ဘိုးဘိုးအောင်က အများကြီး စွမ်းတာဆိုတော့ ဘယ်ကြောက်မလဲ”

“ အင်း .... ပြောပါအုံး”

“ နန်းတော်ထဲရောက်တော့ ဘိုးဘိုးအောင်က ဟော့ကောင် မောင်ဝိုင်း မင်းထီးနန်း ငါက ဘာလုပ်ရမှာလဲကွ၊ မင်း ထီးနန်း ငါမလိုချင်ဘူး၊ ငါ့ကိုရန်မရှာနဲ့၊ မင်း ငါ့ကိုလဲ မသက်နိုင်ပါဘူးကွ ....... ဟားဟား .......လို့”

လူထွေးက ဝင်ကြောင်ပြန်သည်။ ကျွန်တော်လည်း မထူးတော့ပြီမို့ ........

“ ဒါပေါ့ကွ၊ ခြေထောက်နှစ်ချောင်းကားထားပြီး တောင်မွှေးကို သေသေချာချာထောက် မျက်နှာရှုံ့မဲ့ပြီး ပြောလိုက်တာပေါ့”

မျက်စေ့ထဲ မြင်လာသော ရွှေဘ သေနတ်ကိုင်ပြီး လုပ်လေ့ လုပ်ထရှိသည့် အမူအယာကို ဟန်နှင့် ပန်နှင့် လုပ်ပြလိုက်ရာ သရဖီကော လူထွေးပါ နှုတ်ခမ်းများမဲ့၍ စိတ်ပါ လက်ပါ နားဝင်လာသည်။

“ ပြီးတော့မှ ဘိုးဘိုးအောင်က ကြမ်းပြင်မှာ ထုံးနဲ့ ဝ လုံးတစ်လုံး ရေးလိုက်ပြီး မင်းဖျက်နိုင်ရင် ဖျက်ကွ၊ အဲဒီ ဝလုံး ပျက်ရင် မင်းငါ့ကို နိုင်မယ်လို့

ပြောလိုက်တာကိုး၊ ဒီတော့ ဘိုးတော် ဦးဝိုင်းက ပလ္လင်ပေါ်က ဆင်းလာတာပေါ့”

ဒီနေရာတွင် နဲနဲစိတ်ဝင်စားလာဖို့ လိုသဖြင့် ကျွန်တော်က ခဏရပ်ထားလိုက်၏။ ပြီးမှဆက်၍ .....

“ ဝလုံးနေရာလဲ ရောက်ရော၊ ဘုရင်က ဆောင့်ကြောင့်ထိုင်ပြီး အားရပါးရ ဝ လုံးကို ဖျက်လိုက်တာ နှစ်လုံး ပေါ်လာတယ်တဲ့”

“ ဘာကွ...... ဘာနှစ်လုံးလဲ”

လူထွေး... အူ ၊ သူ့မျက်လုံးထဲ ဘယ်လိုမြင်သွားသည်မသိ ထကြောင် ၏ ။

“ ဝလုံး နှစ်လုံး ပေါ်လာတာပေါ့ကွ၊ အဲဒီ နှစ်လုံးလဲ ဖျက်လိုက်ရော လေးလုံး ဖြစ်သွားတယ်၊ ဖျက်လိုက် နှစ်ဆ တိုးလိုက်နဲ့ တနန်းတော်လုံး ဝလုံးချည်း ဖြစ်ကုန်ရောတဲ့”

ဘိုးတော်ဘုရား ဒုက္ခများသွားပုံကို သဘောကျ၍ လားမသိ၊ နှစ်ယောက်စလုံး အားရပါးရ ရယ်ကြသည်။

“ ဒီတော့မှ ဘိုးတော်က အရှုံးပေးလိုက်ရတာ ပေါ့” “ ကောင်းတယ်၊ သစ္စာမရှိတဲ့လူ ထိမှ ကောင်းတယ်” သရဖီက အားရပါးရ ဝင်ပြောသည်။ လူထွေးက ဝင်၍ .........

“ နောက်တော့ကော.......”

“ အင်း”

အဲ.... အဲဒါမှ ဒုက္ခ ၊ နောက် ဘာဆက်ဖြစ်သည် ဆိုတာကို ကျွန်တော် မသိတော့ ။ သို့သော် သီးချင်းလေး ရထားတာ ရှိသေး၍ ........

“ ဒါပဲပေါ့ဟ..... ဘိုးဘိုးအောင်က သိပ်တန်ခိုးကြီးတာ၊ ဒါကြောင့် ဒို့ဗမာတွေ စိတ်သာချနေတဲ့၊ ဘိုးဘိုး အောင်မကြာခဏ မ, လိမ့်မယ်တဲ့.... မှတ်ထား”

“ ဒို့ သွားကန်တော့ အုံးမယ်......”

ကျွန်တော့် အဆွယ်ကောင်းသဖြင့် နှစ်ယောက်သား ဘိုးဘိုးအောင် တိုက်ဖက်သို့ ထသွားကြ၏ ။ ကျွန်တော် ကတော့ အပေါ်တက်ပြီး လူကြီးများရှိရာသို့ ထလာခဲ့သည်။

လူကြီးများ ထိုင်နေသည့် ဇရပ်ပြတင်းနားအရောက် အထဲမှ စကားသံများ ကြားနေရသဖြင့် ကျွန်တော် အထဲ မဝင်သေးပဲ ပြူတင်းနားကပ်၍ နားထောင်နေလိုက်သည်။

“ ဟို သုံးယောက်လဲ ဘယ်ရောက်နေကြလဲမသိဘူး”

“ အို.... သွားပါစေ ... ဒီပေါ်မှာ ဘာအန္တရာယ်မှ မရှိပါ ဘူး ၊ ကလေးတွေ လွတ်လွတ်လပ်လပ်ပျော်ပါစေ”

“ သူတို့သုံးယောက်ကတော့ တကယ့်ကို ခင်တာပဲနော်”

သရဖီ ဖေဖေ၏ စကားအဆုံး လူထွေး ဖေဖေ့အသံကို ကြားလိုက်ရသည် ။

“ ကောင်းတယ်...... ခင်ပစေ.... ကြီးလာမှ ကျုပ်သား လူထွေးကို မြှောက်ပေးရမယ်၊ ခင်ဗျားသမီးကို ရ အောင်ပိုးဖို့၊ ဟား.. ဟား....”

ကျွန်တော်ရင်ထဲ တစ်မျိုးလေး ဖြစ်သွား၏ ။

“ အမယ်..... ရလိမ့်မယ်အားကြီး ၊ ကျုပ်သားက ပိုအလားအလာရှိတာ၊ ခုထဲက သရဖီက ခေါ်ပုံတွေ သတိ ထားကြည့်ပါလား၊ ကျုပ်သား ငတိုးကျတော့ “ တိုး” တဲ့၊ မောင်လူထွေးကျတော့ “ လူထွေး” တဲ့ တွေ့လား၊ ကွာ တယ်နော်”

ရယ်သံများ ဆူညံသွားသည်။ ကျွန်တော့်ရင်ထဲ လှပ်ကနဲ ဖြစ်သွား၏ ။

“ ကဲပါဗျာ..... ဘယ်သူနဲ့ပဲ ဖြစ်ဖြစ်၊ ကျုပ်ကတော့ သမီးရှင်ပဲဟာ.... ခေါင်းခေါက်ရွေးရမှာပေ့ါ၊ ကျုပ်သမီး ရအောင် ခင်ဗျားတို့သားတွေ တော်

သထက်တော်အောင် ကြိုးစားခိုင်း”

အားလုံး ရယ်လိုက်ကြပြန်သည်။ ကျွန်တော့်ရင်ထဲမှာ နဲနဲအေးသွား ၏ ။ ကျွန်တော်မကြောက်ပါ ၊ လူထွေး ထက် အချိန်မရွေးသာအောင် ကျွန်တော် လုပ်နိုင်သည် ။

သူတို့ပြောသည့် စကားအတိုင်းဆိုလျှင် ကျွန်တော်တို့ ကြီးပြင်းလာပါက သရဖီကို ကျွန်တော်ရမှာ သေချာ သည်။ အလယ်လူ လူထွေး ခွေးဖြစ်ဖို့သေချာနေပြီကော ........

***

အုန်းကနဲ ဝါးလုံးကွဲ ထရယ်လိုက်ကြသည် ။ ကျွန်တော့်မျက်နှာ တစ်ခုလုံး ရဲကနဲ ဖြစ်သွား၏ ။ ဖေဖေက ကျွန်တော့်ကို ကြည့်၍ ရယ်ရင်း..........

“ ဟော့ကောင် ငတိုး.... မင်း ဘာပေါက်ကရတွေ လျှောက်ပြောနေတာလဲ ၊ ကျလဲကျပ့်ကွာ ၊ ထွက်ရပ်ပေါက် တဲ့ထူတွေထဲမှာ ပထမရလို့ ပထမ ဘိုးဘိုးအောင် ဖြစ်ရတယ်တဲ့ ပြီးတော့မှ ကာလရွှေ့လျားလို့ ပထမံ ဘိုးဘိုး အောင် ဖြစ်ရတယ်တဲ့”

ကျွန်တော် ရှက်ရှက်နှင့် သရဖီကို မျက်စောင်းထိုးလိုက်၏ ။ သရဖီက ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်ရင်း “ ကောင်းတယ်၊ ကောင်းတယ်” ဟု အသံမထွက်ပဲ လှမ်းပြောသည်။

“ သူပြောတဲ့ ဘိုးဘိုးအောင် အကြောင်းကကော ဟုတ်သလား ဖေဖေ” “ ဘာပြောလို့လဲ”

သရဖီက ကျွန်တော်ပြောပြသည့်အကြောင်းကို ပြန်ပြောပြ၏ ။ သရဖီ ဖခင် ဦးအောင်ခိုင်က ကျွန်တော့် ခေါင်းကို ပွတ်ရင်း

“ ဟ….. ဒါတော့ ဘယ်ဆိုးလို့လဲကွ၊ ဒီကောင် တော်တော်သိနေတာပဲ၊ ဒါ ခင်ဗျား လက်ချက် ထင်တယ် ဦးကျော်နိုင် ဟုတ်လား ….”

ကျွန်တော့် ဖေဖေကိုလည်း လှမ်း၍ နောက်လိုက်၏။ ဖေဖေက ရယ်ရင်း…….

“ ကဲ…… စကားတွေချည်း များမနေနဲ့၊ စားလိုက်ကြအုံး၊ ဟင်းတွေအေးကုန်မယ်” သရဖီ မေမေက ဝင်ပြော လိုက်မှ ထမင်းစာရန် ပြင်လိုက်ကြသည်။

“ လာဟေ့….. ဟို သုံးယောက်က ဒီဘက်မှာ တဝိုင်းဝိုင်း “ ကျွန်တော်တို့ သုံးယောက် ထပြေးသွားကြ သည်။ “ လိုတာရှိ မေမေ့ကို ပြောနော်….၊ လူကြီးတွေဝိုင်းထဲ ထမနှိုက်နဲ့”

သရဖီ မေမေက ပြောလိုက်ပြီး ကျွန်တော်တို့အတွက် ပြင်ပေးထားသော ဝိုင်းထဲတွင် နေရာချပေးလိုက် သည်။ ကျွန်တော်တို့ သုံးယောက်လည်း ကိုယ့်ပန်းကန်လေးများနှင့် ကိုယ် ဝိုင်းထိုင်လိုက်ကြသည်။

“ ကဲ… ဟင်းတွေ ထည့်စား ၊ တစ်ယောက်နဲ့ တစ်ယောက် လုမနေကြနဲ့”

ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ် ရှိနေကြပြီ ဖြစ်သော ကျွန်တော်တို့မှာ သူတို့မျက်စိထဲတွင် ပေါက်စနလေးများ ပင် ဖြစ်နေမလားမသိ၊ ကလေးပေါက်စနလေးများကို မှာနည်းအတိုင်း မှာနေသည် ။ ကလေးဘဝတွင် ကလေးလို သဘောထား၍ အဆက်ဆံခံရသည်လောက် မခံချင်ဖွယ်ကောင်းသည်မရှိ။

ထို့ကြောင့် ဟင်းခွက်ဆီသို့ လက်မလှမ်းဘဲ သုံးယောက်ထဲ ရှိသော ဝိုင်းတွင် ခပ်တည်တည်ဟန်နှင့် ပန်နှင့် လုပ်နေလိုက်၏ ။

“ ရှော့…… တိုး……”

ကြက်သားတုံးလေးတစ်ခု ကျွန်တော့် ပန်းကန်ထဲသို့ လိမ့်ဆင်းလာသည်။ ကျွန်တော် သရဖီကို မျက်လုံး လှန်၍ မော့ကြည့်လိုက်သည်။

“ ဒါ...က အသုတ်၊ ကောင်းတယ်တဲ့.... ထည့်စား” သရက်ချဉ်ကို ငါးသေတ္တာနှင့်ရော၍ သုတ်ထားသော အသုတ်တစ်ထွေး ရောက်လာပြန်သည်။

“ ငါ့တော့ ထည့်မပေးဘူး......”

လူထွေးဆီမှ ခပ်အောက်အောက် လေသံတစ်ခု ထွက်လာသည်။ သရဖီ့ မျက်စောင်းတစ်ခု ဒိုင်းကနဲရောက်သွား၏ ။

“ နင်က နင်ဟာနင် ထည့်ပြီးနေပြီပဲ....”

“ ဟင်း........ မတရားလိုက်တာ...”

လူထွေးနှင့် သရဖီ ပြောဆိုနေခြင်းများမှာ ဘာမှပယောဂ မပါဘဲ ခါတိုင်းပြောရိုးပြောစဉ် ပြောနေသော်လည်း ကျွန်တော့်မှာတော့ စောစောကလေးတင် အမှောင့်တစ်ခု ဝင်ကပ်ပြီး ဖြစ်သည်မို့ အဓိပ္ပာယ်ကောက်ယူမှုများ တစ်မျိုး ဖြစ်နေသည် ။

“ ဒါတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့ လူထွေးရာ......”

ကျွန်တော့်ရီလုံးအဆုံး သရဖီ့ မျက်နှာတွင် ပန်းရောင် တစ်မျိုး အပြေးအလွှားပေါ်လာပြီး ......

“ ဟင်း..... ဒါဘာစကားလဲ.... တိုးနော်.....”

ကျွန်တော့်ရင်ထဲတွင် ခံစားမှု ထူးထူးဆန်းဆန်းလေး ဖြစ်သွားသည်။ ဖေဖေပြောဖူးသော စကားတစ်ခုအရ ပြောရလျှင် ကျွန်တော်သည် အရွယ်ထက် အသိကပို၍ စောပြီး ကြီးပြင်းခဲ့ရသည်။

သို့သော် နောင်အခါ လိပ်ပြာလေးများ ဖြစ်လာကြမည် ဖြစ်သော်လည်း ငယ်စဉ်တုန်းကမူ ပိုးတုံးလုံးလေး များသာဖြစ်ချေခဲ့သည်တကား။

***

“ ရူပဗေဒသမားမို့ ပြောတာ မဟုတ်ဘူး၊ လောကကြီးဟာ ဒီ့ရူပဗေဒ သဘောတရားနဲ့ ကင်းလွတ်လို့ကို မရဘူး၊ ရူပဗေဒ သဘောတရားတိုင်းဟာ သဘာ၀ နိယာမတွေနဲ့ ကိုက်နေတယ်ကွ ....”

အရင်းမရှိ အဖျားမရှိ ဝင်ပြောလိုက်သော သုခ စကားကြောင့် တွေးနေသော ကျွန်တော့်စိတ်များ မူလနေရာ သို့ ဖြတ်ကနဲ ပြန်ရောက်လာသည်။

“ ဘာဆိုင်လို့လဲ.......”

ကိုယ့်ဖီလင်နဲ့ကိုယ် ကြည်နူးနေသော ကျွန်တော့်မှာ သူ့စကားကြောင့် အရှိန်ပျက်သွားသဖြင့် မကြည်မလင် ပြန်မေးခွန်းထုတ်လိုက်သည်။ သူက တစ်ချက်ရယ်လိုက်ပြီး.......

“ ဘာလဲကွ၊ စိတ်ကူးပျက်သွားလို့ နာကစ်သွားလား.... ငါတစ်ခု တွေးမိလို့ပါ....”

“ အင်း... လုပ်ပါအုံး”

“ ကဲ... လက်ဘက်ရည် အရင်သောက်ပါအုံးကွာ၊ အေးစက်နေပြီ...၊ တော်ကြာ ယင်ကောင်ကျသွားလို့ မထွေးရက် မမျိုရက် ဖြစ်နေမယ်....”

ကျွန်တော်က ပြုံးလိုက်ပြီး အေးစက်နေ၍ အပေါ်ယံတွင် ချက်နို့ဆီကြောင့် အရည်မျက်နှာတင်းနေသော လက်ဘက်ရည်ကို ကောက်မော့လိုက်သည်။

“ လက်ဘက်ရည် အခြေအနေကြည့်ပြီး မင်းဘယ်လောက် ငိုင်သွားတယ်ဆိုတာ မင်းတွက်ကြည့်စမ်း ငတိုး” သူအထာကို သိသဖြင့်

ကျွန်တော်ဘာမှ ပြန်မဖြေတော့ဘဲ စားပွဲပေါ်မှ ဒူးယားတစ်လိပ် ကောက်ယူ၍ အစီခံနှင့် စားပွဲစွန်းကို ဆောင့်လိုက်ရင်း.....

“ ကဲပါကွာ... သုခရာ... သိပ် သိုင်းဝိုင်းမနေပါနဲ့၊ မင်းဘာပြောချင်တာလဲ ၊ အဲဒါဘဲ ပြောစမ်းပါ”

သူက ရေနွေးဘန်းထဲ ဆေးလိပ်ပြာချွေလိုက်ရင်း......

“ ဒို့ ဖစ်ဆစ်မှာ အသံအကြောင်း သင်တုံးက ဒေါ်ပလာ အကျိုးကို မှတ်မိလား၊ အသံနဲ့ ကြားသူရဲ့ ကြားမှာ ခရီးဝေးရင် ဝေးသလို အသံတိုးသွားပြီး ခရီးနီးရင် နီးသလို အသံ ကျယ်လာတယ် ဆိုတာလေ....”

ကျွန်တော် ခေါင်းညိတ်ပြလုက်၏ ။

“ အေး ..... အခုလဲ... မင်းမှာ ဝေဒနာရ ဒေါ်ပလာအကျိုး ဖြစ်နေပြီ” ကျွန်တော် သူ့စကားကြောင့် ပြုံးလိုက် မိ၏ ။

“ ဝေးနေတုံးက နဲနဲတော်သေးတယ်၊ တွေ့ခါနီး ပါပြီ၊ ပြန်ဆုံခါနီး ပါပြီဆိုမှ လူက တဖြေးဖြေး ငိုင်ငိုင်ကျလာ တယ်၊ ခရီးနီးလာလေ ဝေဒနာ အသံတွေ ကျယ်လာလေပေ့ါကွာ.....”

သူ့စကားက မှန်နေသဖြင့် မငြင်းတော့ဘဲ ဆေးလိပ်ကို မီးညှိဖွာလိုက်ပြီးမှ......

“ငါ...... သရဖီနဲ့ သိပ် တွေ့ချင်ကွာ....”

“ ဟော... ဟော... ပြောရင်းဆိုရင်း ရောဂါက တဖြေးဖြေး တက် လာပြီ၊ တွေ့ရကာ နီးပါပြီးဆိုမှ၊ ကဲ.......ဒါဖြင့် လဘက်ရည် ကုန်အောင်သောက်ပြီး လဘက်ရည်ဖိုး မြန်မြန်ရှင်း လိုက်၊ ဒီကနေ အာစီကျော်ပြီးရင် အဓိပတိလမ်းဖြတ်၊ သစ်ပုပ်ပင် လွန်ရင် တွေ့ရပေ့ါမယ် ခင်ဗျာ..... အဲ... တွေ့နိုင် ကောင်းတွေ့နိုင်ပါလိမ့်မယ်၊ တွေ့ရန် ရာနှုန်း ရှစ်ဆယ့်ငါး ရှိပါတယ်”

ကျွန်တော်ရင်ထဲတွင် ဖိုကနဲဖြစ်သွား၏ ။ ကျန်သော ဆယ့်ငါးရာခိုင်နှုန်းကို ကျွန်တော် ဘယ်နည်းနှင့်မျှ မေ့မ ပစ်ရဲ....။

" သူတက်တော့ တက်ဖြစ်မှာပါ..."

ကိုယ့်ကိုကိုယ် ပြန်ဖြေလိုက်၏ ။

" အေး တက်တာတော့ ဟုတ်ပါပြီ၊ တွေ့တော့မှ သူ့ဘေးမှာ ဘော်ဒါမျိုး အကောင်းစားလေး တပွေပါလာရင် ဘယ့်နဲ့လုပ်မလဲ"

" ဟော့ကောင် ..... မင်း ဒီစကားကို နောက်ထပ် ထပ်မပြောနဲ့တော့ကွာ၊ ခွီး နှစ်ခါရှိပြီ၊ စောစောစီးစီး ဖီလင် အောက်အောင် မလုပ်နဲ့"

သူက စပ်ဖြည်းဖြည်းလုပ်၍ ........

" ငါက သဘောပြောတာပါ"

" လုပ်မနေပါနဲ့..... ဘာသဘောမှ ပြောမနေနဲ့၊ သူ့ဖာသာသူ ဘာရှိရှိ နား မလည်ဖူး၊ ရှုပ်နေရင် အကုန်ရှင်းပစ်မယ်၊ မင်းသိတယ် မဟုတ်လား၊ တိုးမြင့်နိုင်ကွ၊ အထွေးအသား ခါးနေရင် ပင် လယ်ရေနဲ့ဆေးပစ်မယ်"

သူခက ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးနေရာမှ .......

" ကဲပါ.... ဟုတ်ပါပြီ မင်းပြောတာမှန်ပါတယ်၊ လက်ဘက်ရည်ဖိုးလေး ရှင်းလိုက်ပါအုံး"

" ခွေးမသား"

ကျွန်တော်က အိပ်ထဲမှာ ငါးကျပ်တန်ထုတ်၍ လက်ဘက်ရည်ဖိုး ရှင်းလိုက်သည်။ ပြန်အမ်းသော ပိုက်ဆံ တွင် ကျပ်တန် နှစ်ရွက်နှင့် အကြွေမတ်စေ့ တစ်စေ့ပါလာ၏ ။ ကျပ်တန်များကို အိပ်ထဲထည့်လိုက်ပြီး မတ်စေ့ကို တောက်၍ မြှောက်လိုက်သည်။

ပြန်ကျလာသော မတ်စေ့ကို လက်ဖြင့်ဖမ်း၍ ခုံပေါ်ရိုက်ချလိုက်၏ ။

ခေါင်း......

စိတ်ထဲက တိုးတိုးရွတ်ပြီး လက်ဝါး ဖယ်လိုက်သည်။ ကျွန်တော့်ရင်ထဲ လှိုက်ကနဲ ဝမ်းသာသွားသည်။

ခေါင်းကျနေ၏ ။ သရဖီနှင့် အတွေ့စရာ လမ်းမရှိတော့......။

***

“ တိုး.... နေ့လည်က ငါ့ကို ဆယ်တန်းက ကိုသိန်းထွန်းကြီးက စာပေးတယ်”

“ ဘာ”

ကျွန်တော်ရင်ထဲ ထောင်းကနဲ ထောင်းကနဲ ဒေါသဖြစ်သွား၏ ။ ချက်ချင်းပင် ကျောင်းဝင်းအပြင်ဖက်သို့ လှည့်ထားသော ခြေလှမ်းများကို ပြန်ရုပ်လိုက်၍ နောက်သို့ ချာကနဲ လှည့်လိုက်၏ ။

“ ဟဲ့..... ဒါကဘယ်လဲ.... တိုး.....”

ကျွန်တော် လက်မောင်းကို လှမ်းဆွဲလိုက်ပြီး သရဖီက ပျာပျာသလဲ မေးလိုက်သည်။

“ ဒီကောင်ကြီးကို ငါသွားသတ်မယ် သရဖီ၊ ဒီလူကြီး ငါ ကြည့်မရတာ ကြာပြီ၊ ရုပ်ကိုက ပြောင်စပ်စပ်နဲ့ နဲနဲ မှ ကြည့်မရဘူး”

ပြောရင်းဆိုရင်း သရဖီ လက်များကို ဖယ်ချပစ်၏ ။ သရဖီက အတင်းဆုပ်ထားပြီး.......

“ မဟုတ်တာ တိုးရယ်...... ကျော်မကောင်း ကြားမကောင်း၊ ငါက နင့်ကို

အသိပေးတာပါ၊ သွားရန်မလုပ်နေ ပါနဲ့”

“ ဘာလဲ...... နင်က နင့်လူကြီး နာမှာစိုးလို့လား”

“ ဘာ”

ကျွန်တော် ခပ်တည်တည်နှင့် ပြောလိုက်သော်လည်း ကျွန်တော့်စကားကို သရဖီ သဘောကျစွာ အားရပါးရ ရယ်၏။ ရယ်လက်စနှင့် သူက......

“ ဖြစ်မှ ဖြစ်ရတယ် တိုးရယ်.... ဟိုက ဆယ်တန်းကလူ၊ လူကြီး ဟဲ့၊ နာစရာရှိ နင်နာမှာစိုးလို့”

သည်စကားကိုတော့ ကျွန်တော် လုံးဝမခံချင်။

“ အောင်မာ...... တသက်လုံး မနာဖူးမှတ်၊ တိုးမြင့်နိုင်ဟ.... ဘာကောင်မှတ်လို့လဲ”

ကျွန်တော့်ဟန်က တကယ်လုပ်တော့မည့် ဟန်မှန်း သိသွား၍ လားမသိ၊ သည်တော့မှ သရဖီက မျက်နှာပိုး သပ်၍ မျက်နှာလေး ငယ်သွားပြီး.......

“ ဟ..... ငါ့စာပေးလို့ကတော့ ဘာအရေးဟ...... ယောကျ်ားချင်းပဲဟာ၊ နင့်စာပေးလို့ ငါမခံနိုင်တာပေ့ါ၊ နင်ကကော ယူလာတာပဲလား”

သရဖီ မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားပြီး ခေါင်းညိတ်ပြ၏။ ကျွန်တော့်စိတ်ထဲ ထောင်းကနဲ ဖြစ်သွား၍ ..........

“ အော်.... နင်ကလဲ အလိုတူ အလိုပါကိုး... စောစောကပြောပေ့ါဟာ၊ ဒါမျိုးတော့ ငါက ကြားထဲကလဲ အမုန်း ခံရသေး အသားကလဲ အနာခံရသေး ဆိုတာမျိုး ဘယ်တော့မှ မလုပ်ဖူး”

သရဖို့ မျက်နှာလေး ရဲကနဲ ဖြစ်သွား၏။ ပြီးတော့ ပျာပျာသလဲ ဖြေရှင်းသည်။

“ မတော်တရော် တိုးရယ်.... ငါ ဒီလို သဘောနဲ့ ယူလာတာ မဟုတ်ပါဘူး၊ လူရှေ့ သူရှေ့ကြီးမှာ ဘာပေး တော့ ငါက လွှင့်ပစ်ဟယ် ဘာညာလုပ်ရင် ငါပဲ အရှက်ကွဲမှာပေ့ါ၊ ငါ့ဘက်ကလဲ စဉ်းစားပါအုံး”

သူ့ဖြေရှင်းချက်သည် မလုံလောက်ဟု ထင်သဖြင့် ကျွန်တော့် မျက်နှာမှ တင်းမာမှုများ လျော့မသွား.... သူက လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို နှိုက်ယူလိုက်ပြီး......

“ ရော့ .... ဒီမှာ သူ့စာ ငါတစ်လုံးမှ အဖက်ဖူး....”

“ နင် ငါ့ကိုရှက်ပြီး လာပေးတာတော့ မဟုတ်ပါဘူးနော်”

ကျွန်တော့် ခနိုးခနဲ့ စကားကြောင့် သရဖို့ မျက်နှာလေး ညို့ကနဲ ဖြစ်သွားပြီး မျက်ရည်များ ဝဲလာ၏။ တုန် လာသော အသံနှင့်အတူ......

“ နင့် ငါ့ကို အဲလို မပြောပါနဲ့ တိုးရယ်...... ငါ ငိုပစ်လိုက်မယ်သိလား၊ ငါ့ကို အဲလိုအပြောခံရတာ လောက် ဝမ်းနည်းတာမရှိဘူး”

ပြောရင်း ဆိုရင်း ငိုချတော့မည့် အရိပ်အယောင်များ မြင်လာသဖြင့် အချိန်မီ ......

“ အေးပါဟာ... ငိုတော့မငိုပါနဲ့ ငါပြောတာ လွန်သွားရင် တောင်းပန်ပါတယ်၊ ပေးပေး ဘယ်မလဲ စောစောက စာ.....”

စာအုပ်ကိုကိုင်၍ ငိုမဲ့မဲ့ ဖြစ်နေသော သူ့ထံမှ စာအုပ်ကို လှမ်းယူလိုက်၍ အဖုံးကြားတွင် ညှပ်ထားသော ဟိုငနာ၏ စာကို ဆွဲထုတ်လိုက်ပြီး.......

“ နောက်လဲ ယမလာနဲ့ ၊ ဘယ်တော့မှလဲ မဖတ်နဲ့..... နောက်တစ်ခါ ဒီလူကြီး စာထပ်ပေးရင်..... ငါနဲ့ တွေ့မယ်”

ရောင်စုံပန်းပွင့်လေးများနှင့် ဂျပန်လုပ် စာအိပ်ကလေးသည် ကျွန်တော့် လက်ထဲတွင် တစ်စစီ စိပ်ဖြာသွား သည်။ အပိုင်းအစ အားလုံးကို လက်ထဲတွင်

ချောသိပ်ပြီး ကျစ်နေအောင်လုံး၍ လမ်းဘေး ရေမြောင်းထဲ ပစ်ချလိုက် ၏ ။ ရေမြောင်းထဲတွင် မြောပါသွားသော စာရွက်ထုတ်လေးကို ကြည့်၍ ကျွန်တော့်ရင်ထဲ ပေါ့ပါးသွားသည်။

ကျွန်တော် ပြန်လှည့်လာချိန်တွင် စောစောက ငိုမဲ့မဲ့ ဖြစ်နေသော သရဖို့ မျက်နှာပေါ်တွင် အပြုံးရိပ်လေးကို ထင်ထင်ရှားရှား တွေ့လိုက်ရ၏ ။

ပြန်လာသောအခါ ကျွန်တော့် တကိုယ်လုံး လိပ်ပြာပျံ့သလို ပေါ့ပါးနေ၏ ။ ဟုတ်ပါသည်။ ငယ်ငယ်တုန်းက ပိုးတုံးလုံးလေးများသည် ကြီးလာသာအခါ လိပ်ပြာလေးများ ဖြစ်လာကြပါ၏ ။

***